# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၂၃-၁-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **လယ်ယာမြေထောက်ပံ့ကြေး နည်းပါးစွာရရှိခဲ့သူများအတွက် တန်ဖိုးနည်းအိမ်ရာမြေကွက်များ ဖော်ထုတ်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်၊ ကညင်ကောက်-ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းအား အပြီး ဖျက်သိမ်း၍ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပြီး မူလ တောင်သူများအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာဦးအေးကြူ၊ လပွတ္တာ မဲဆန္ဒနယ်၏ **လပွတ္တာမြို့နယ်၊ ဆင်ခြေရာကျေးရွာအုပ်စုနှင့် သက်န်းကြီးကျေးရွာ အုပ်စုတွင်ရှိသော သာပေါင်းစက္ကူစက်ရုံမှ သိမ်းဆည်းထားသော သက်န်းလေးဆားကွင်းအား ၂၉-၁၂-၂၀၁၅ ရက်နေ့ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခဲ့ရာ မူလပိုင်ရှင်လယ်သမားများက မိမိတို့လယ်ယာမြေများကို တရားဝင်ပုံစံ(၇) နှင့် အညီရရှိအောင် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ယူဝရပ်ကွက်ရှိ မူလတန်းကျောင်းဝန်းဧရိယာအား သိုင်ယောင်းချောင်းရေ တိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်း အဆောက်အဦသည် အများပြည်သူနှင့် ဆက်သွယ်ရေးဝန်ထမ်းများ အတွက် အန္တရာယ်ရှိ အဆောက်အဦအဆင့်သို့ ရောက်ရှိနေပါသဖြင့် ခေတ်မီမြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း အဆောက်အဦသစ်တစ်လုံးကို အမြန်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သွားသော မြေယာများအတွက် မြေယာလျော်ကြေးပေးရန် သို့မဟုတ် ရထားလမ်းအဖြစ် ဆက်လက် အသုံးမပြုသည့် ထိုမြေယာများကို မူလလက်ရှိထားလုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများလက်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ရန်ကုန်ဆိပ်ကမ်း၊ သဘော်ာဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များ ဈေးကြီးမြင့်စေခြင်းတို့ ကြုံတွေ့နေရသဖြင့် သဘော်ာဆိုက်ကပ်မှု ကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တံတားကြီးများ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်က **" လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ် ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။